**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/ NM/ ၁၉/ ၂၀၂၁
ရက်စွဲ၊၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်း**

ရည်ညွှန်းချက်။ ရေပြင်ပိုင်းဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ပေါင်းစပ်ညှိနှိုင်း ကွပ်ကဲမှုဌာနချုပ် ၏ (၁၉-၁၀-၂၀၂၁) ရက်စွဲပါစာအမှတ်၊ ၀၇၄ /၁၀၅/ MRCC/ ဦး ၁

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ ၁၇၀၀ အချိန်ခန့်၌ ခန့်မှန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၄ ဒီဂရီ ၀၈ မိနစ် ( သမီးလှကျွန်း အနောက် မြောက်ဘက် ၈ မိုင်အကွာ) တွင် လေးထောင့်ပုံသဏ္ဍာန်ရှိ Barge တွဲဟု ယူဆရသော အမည်မသိ အရာဝတ္ထုမှာ ရေတက်ရေကျ ရေစီးကြောင်းအတိုင်း မျောပါလျက်ရှိကြောင်း ဒေသခံငါးဖမ်းလှေများမှ ပမ္မဝတီရေတပ်စခန်းဌာနချုပ်လက်အောက်ခံ စစ်ရေယာဉ် ထံသို့ သတင်းပေးပို့လာခဲ့သဖြင့် စစ်ရေယာဉ်မှ ရေဒါဖြင့် ရွေ့လျားမှုအခြေအနေအား စောင့်ကြည့် ထောက်လှမ်းခဲ့ရာ အဆိုပါအရာဝတ္ထုမှာ ရေစီးနှုန်း ၁ မိုင်/ ၁မိုင်ခွဲခန့်ဖြင့် အနောက်မြောက်ဘက်သို့ ရွေ့လျားလျှက် ရှိကြောင်း ရေပြင်ပိုင်းဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ပေါင်းစပ်ညှိနှိုင်း ကွပ်ကဲမှုဌာနချုပ်မှ ရည်ညွှန်းပါစာဖြင့် အကြောင်းကြား လာခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ Barge တွဲဟု ယူဆရသော အမည်မသိအရာဝတ္ထုမှာ ရေတက်ရေကျ ရေစီးကြောင်းအတိုင်း မျောပါလျက်ရှိသည့်အတွက် ၎င်းတည်နေရာအနီး ခုတ်မောင်းသွားလာလျှက်ရှိသော ရေယာဉ်များအနေဖြင့် စောင့်ကြပ်ကြည့်ရှုနိုင်မည့် ကြည့်ကင်းများဖြင့် သတိပြုခုတ်မောင်းသွားလာရန် လိုအပ်မည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် အဆိုပါရေယာ

အား ရှောင်ရှားသွားလာကြပါရန်နှင့် Barge တွဲဟု ယူဆရသော အမည်မသိ အရာဝတ္ထုအား တွေ့ရှိပါက Maritime Rescue Coordination Centre (MRCC) သို့ အောက်ဖော်ပြပါအတိုင်း ဆက်သွယ်သတင်း ပေးပို့ကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်-

MRCC Myanmar

ဖုန်း - + ၉၅ ၁ ၂၀၂၄၁၇

ဖက်စ် - + ၉၅ ၁ ၂၀၂၄၁၇

အီးမေးလ် - mrcc.myanmar2012@gmail.com

Mrcc.yangon@mptmail.com.mm

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)